# မြန်မာနိုင်ငံ | BURMA

TIER 1 | USCIRF-RECOMMENDED COUNTRY OF PARTICULAR CONCERN (CPC)

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အဖွဲ့အစည်း (USCIRF) သည် နိုင်ငံရေးပါတီနှစ်ရပ် ပါဝင်လျက် သီးခြားရပ်တည်နေသော အမေရိကန်ပြည်ထောင်စု ကော်မရှင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် ပြည်ပနိုင်ငံများရှိ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို စောင့်ကြပ်ကြည့်ရှုသည့် နိုင်ငံတကာဘာသာရေးလွတ်လပ်မှု အက်ဥပဒေ (IRFA) အရ တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ USCIRF သည် ပြည်ပတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် ချိုးဖောက်မှုများကို နိုင်ငံတကာအဆင့်အတန်းများအသုံးပြုလျက် စောင့်ကြပ်ကြည့်ရှုပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံခြားရေး ဝန်ကြီးနှင့် အထက်လွှတ်တော်တို့ကို မူဝါဒရေးရာအကြံပြုချက်များပေးပါသည်။ (USCIRF) သည် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သီးခြားရပ်တည်လျက် ကွဲပြားသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ သည် နယ်မြေဒေသရှိမတရားဖိနှိပ်မှုများကို မှတ်တမ်းတင်ထားရန်နှင့် အမေရိကန်အစိုးရထံ မူဝါဒရေးရာ သီးခြား အကြံပြုချက်များပေးရန် မဟာမင်းကြီးများနှင့်ကျွမ်းကျင်သူပညာရှင်ဝန်ထမ်းများ၏ တစ်နှစ်စာအလုပ်၏ အထွတ်အထိပ် ပင်ဖြစ်ပါသည်။ ၂၀၁၈ နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ အကြောင်းအရာများကို ဖော်ပြထားပါသည်။ သို့ရာတွင် ၄င်းကာလနောက်ပိုင်းတွင်ပေါ်ပေါက်သည့် အရေးပါသော အဖြစ်အပျက်အချို့ကိုလည်း ဖော်ပြထားပါသည်။ USCIRF ၏အကြောင်း အချက်အလက်များထပ်မံရယူရန် ဤနေရာ ရှိ ဝက်ဆိုက်တွင်ကြည့်ပါ။ သို့မဟုတ် 202-523-3240 ရှိ USCIRF ကို တိုက်ရိုက်ဆက်သွယ်ပါ။

## မြန်မာနိုင်ငံ

**အဓိကတွေ့ရှိချက်များ။** ။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရမှရင်ဆိုင်ခဲ့ရသည့် မြောက်များစွာသော ဘာသာရေး လွတ်လပ်မှု အခက်အခဲများအနက် ရခိုင်ပြည်နယ်ရှိအကျပ်အတည်းမှာ အရေးတကြီးဆောင်ရွက်ရန် အလိုအပ်ဆုံးဖြစ်ခဲ့ ပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့တွင် ရိုဟင်ဂျာ မွတ်စလင်သောင်းကျန်းသူများက နယ်ခြားစောင့်တပ်များနှင့် ဥပဒေကြိုးကြပ်ရေးအမှုထမ်းများကို တိုက်ခိုက်ခဲ့ခြင်းအပေါ် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ရက်စက်ကြမ်းကြုတ်စွာ တုံ့ပြန်ခဲ့ပါသည်။ လက်တုံ့ပြန်မှုများတွင် ကလေးသူငယ်များပင်ပါဝင်ပြီး အပြစ်မဲ့အရပ်သားများ အပေါ် ခွဲခြားသတ်မှတ်မှုမရှိ၊ အချိုးအစားမျှတမှုမရှိသောလုပ်ရပ်များဖြစ်သည့် တိုက်ခိုက်လုယူမှု၊ မီးရှို့မှုနှင့် အိုးအိမ် ပိုင်ဆိုင်မှုဖျက်ဆီးခြင်းများ၊ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းမှုများ၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အခြားအကြမ်းဖက်မှုများ၊ အတင်းအကျပ် ပျောက်ဆုံးသွားစေမှုများနှင့် ဥပဒေပြင်ပမှ သတ်ဖြတ်မှုများ ပါဝင်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့ကုလသမဂ္ဂ (UN) အရာရှိများက ဤညှဉ်းပန်းနှိပ်စက်မှုများကို လူမျိုးရေးသန့်စင်မှုဟု သတ်မှတ်ခဲ့ကြပါသည်။ ဤအကြမ်းဖက်မှုကို ရခိုင်ပြည်နယ်ရှိ အစိုးရမဟုတ်သည့်သြဇာရှိသူများမှလည်း ကျူးလွန်ခဲ့ကြကာ ပထမအနေဖြင့် ရိုဟင်ဂျာမွတ်စလင် အယောက် ခုနစ်သောင်းလေးထောင် ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြပြီးနောက် အယောက် ခြောက်သိန်းရှစ်သောင်းရှစ်ထောင်ကျော် ထွက်ပြေးခဲ့ကြပြီး ဤအစီရင်ခံချက်ကာလနောက်တွင် ထိုဦးရေမှာ ဆက်လက် တိုးပွားနေခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အချို့ဗုဒ္ဓဘာသာဝင်များအကြား အစွန်းရောက်အမျိုးသားရေးစိတ်ဓာတ်မှ မြန်မာနိုင်ငံရှိ မွတ်စလင်များအပေါ်မုန်းတီးမှုများကို ဆက်လက်တွန်းအားပေးခဲ့ပြီး အချို့ဗုဒ္ဓဘာသာခေါင်းဆောင်များက လူမျိုးကြီးဝါဒနှင့် လူမျိုးရေးခွဲခြားစိတ်များ ဝါဒဖြန့်ခဲ့ပါသည်။

ဆယ်စုနှစ်များစွာရှိခဲ့ကာ အစိုးရများနှင့်တပ်မတော်အစဉ်အဆက်မှလည်းကျင့်သုံးခဲ့သော ခွဲခြားဆက်ဆံရေးမူဝါဒများနှင့် အလေ့အထများသည် ဘာသာရေးလူနည်းစုများနှင့်တိုင်းရင်းသားလူနည်းစုများ၏ ဘာသာရေးလွတ်လပ်ခွင့်ကို ဆက်လက် ကန့်သတ်ချုပ်ချယ်ခဲ့ပါသည်။ ဥပမာ အချို့ခရစ်ယာန်များ အများပြည်သူရှေ့မှောက် ဝတ်ပြုရန်စုရုံးခြင်း သို့မဟုတ် ဝတ်ပြု ကျောင်းများ တည်ဆောက်ရန်ခွင့်ပြုချက် ရယူခြင်းများတွင် ခက်ခဲစေရန် ဗျူရိုကရေစီဆန်သော အတားအဆီးများ၊ လူမှုရေး ဖိအားများနှင့် ရင်ဆိုင်ရပြီး ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားသူများလည်း နှောင့်ယှက်မှုနှင့် ကြုံတွေ့ရပါသည်။ ၂၀၁၇

ခုနှစ်တွင် ဘာသာရေးလွတ်လပ်မှုအခြေအနေများကို အကဲဖြတ်ရန် USCIRF ကိုယ်စားလှယ်တစ်ဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

နိုင်ငံအတွင်း စနစ်တကျဆက်လက်ပေါ်ပေါက်နေကာ လွန်ကဲစွာဆိုးရွားသော ဘာသာရေးချိုးဖောက်မှုများအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံအား နိုင်ငံတကာဘာသာရေးလွတ်လပ်မှုအက်ဥပဒေ (IRFA) အရ "အထူးစိုးရိမ်ဖွယ်ကောင်းသည့် နိုင်ငံ" သို့မဟုတ် CPC အဖြစ်သတ်မှတ်ထိုက်ကြောင်း USCIRF မှတွေ့ရှိခဲ့ပါသည်။ အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှစ၍ အထူးစိုးရိမ်ဖွယ်ကောင်းသည့်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ကာ ဤသို့သတ်မှတ်သည့်နောက်ဆုံးအချိန်မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ဖြစ်ပါသည်။

**အမေရိကန်ပြည်ထောင်စုအစိုးရထံ အကြံပြုချက်များ**

- IRFA အရ မြန်မာနိုင်ငံအား အထူးစိုးရိမ်ဖွယ်ကောင်းသည့်နိုင်ငံအဖြစ် ဆက်လက်သတ်မှတ်ရန်၊
- နိုင်ငံတကာလက်နက်ကုန်သွယ်ခြင်း စည်းမျဉ်းစည်းကမ်းများ၏ 22 CFR 126.1 တွင် ရည်ညွှန်းထားသည့်အတိုင်း လက်ရှိ လက်နက်ရောင်းချမှု ပိတ်ဆို့ရေးကို ဆက်လက်ထားရှိရန်၊
- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အထူးကြီးလေးစွာချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများဟုဖော်ထုတ်ထားသော အရာရှိများ၊ အဖွဲ့အစည်းများနှင့် စစ်တပ်များအတိအကျကို ဘဏ္ဍာရေးဌာန၏ နိုင်ငံခြားရှိပိုင်ဆိုင်မှုများထိန်းချုပ်ရေးရုံးမှထားရှိသည့် "အထူးသတ်မှတ်ထားသော နိုင်ငံသားများ" စာရင်းတွင် အမည်ထည့်သွင်းခြင်း၊ IRFA ၏ပုဒ်မ ၆၀၄(က) နှင့် (ကမ္ဘာလုံးဆိုင်ရာ မဂ်နစ်စကီး လူ့အခွင့်အရေးတာဝန်ခံမှု အက်ဥပဒေ) Global Magnitsky Human Rights Accountability Act တို့အရ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းနှင့် (ကမ္ဘာလုံးဆိုင်ရာ မဂ်နစ်စကီးအက်ဥပဒေ) Global Magnitsky Act အရ ပိုင်ဆိုင်မှုများပိတ်ပင်ခြင်းကဲ့သို့ ပစ်မှတ်ထားအရေးယူမှုများ ဆောင်ရွက်ရန်။
- ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပေါ်ပေါက်နေရခြင်းအကြောင်းရင်းများကို သီးခြားစစ်ဆေးမှုပြုလုပ်ခွင့်ပေးရန်နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှုလွတ်လပ်ခွင့်အပေါ် တိကျသည့်ချိုးဖောက်မှုများ အပါအဝင် လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှု ဥပဒေများကို ပြင်းထန်စွာချိုးဖောက်မှုများ စသည်တို့တွင် ပါဝင်ခဲ့သူများ၊ ထိုသို့ချိုးဖောက်ရန်လှုံ့ဆော်သူများကို တာဝန်ခံစေခြင်းများ ပြုလုပ်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သူများနှင့် အတူ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်တို့ကို ပူးပေါင်းဖိအားပေးရန်၊
- အမေရိကန်ပြည်ထောင်စု၏ အထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူးအနေအထားကို ဆက်လက်ထားရှိပြီး ဘာသာရေးလွတ်လပ်မှုသည် ထိုရုံးအတွက် ဦးစားပေးအရာဖြစ်စေရန်နှင့် အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးအတွက် အောက်ပါတို့အပါအဝင် ဆောင်ရွက်ချက်များ ပြုလုပ်ရန် -
    - ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများပေါ်ပေါက်စေရန် လှုံ့ဆော်မှုအဖြစ် သတ်မှတ်ထားသည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှု ထောက်ခံပြောဆိုခြင်းကို တားမြစ်ရေးအပေါ် ရာဘတ်လုပ်ရှားမှုအစီအစဉ် ၏ စိတ်ဓာတ်ဖြင့် သည်းမခံမှု တိုက်ဖျက်ပြီး အများပါဝင်မှုကို အားပေးရေးအတွက် မြန်မာနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံတွင် နေထိုင်နေသော ဘာသာရေးအသိုင်းအဝိုင်းများမှ (ခေါင်းဆောင်များနှင့် သာမန်လူများအပါအဝင်) ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်သူများကို တိုက်တွန်းရန်၊

  - နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ အမုန်းတရားဟောပြောမှုများမှ ကာကွယ်သည့် ဥပဒေမူကြမ်း ရေးဆွဲရေးနှင့် လက်ရှိဥပဒေများ၊ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများသည် ဟောပြောမှုအပေါ် ကန့်သတ်ခြင်းမရှိဘဲ သည်းမခံမှု၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုလှုံ့ဆော်ခြင်းများကို တိုက်ဖျက်ကြောင်း သေချာစေရန် ပြန်လည်သုံးသပ်ရေးအတွက် မြန်မာနိုင်ငံအစိုးရအား အကြံပြုရန်၊
  - နိုင်ငံတကာ ပြည်သူ့ရပိုင်ခွင့်များနှင့်နိုင်ငံရေးရပိုင်ခွင့်များဆိုင်ရာ ပဋိညာဉ်စာချုပ်ချုပ်ဆိုရေးအတွက် မြန်မာနိုင်ငံအစိုးရကို အားပေးတိုက်တွန်းရန်၊

- ရိုဟင်ဂျာမွတ်စလင်များ လွတ်လပ်စွာသွားလာနိုင်ရန်၊ ဆန္ဒမဲပေးရေးအတွက် ၎င်းတို့၏နိုင်ငံရေးရပိုင်ခွင့်များ ပြန်လည်ပေးအပ်ရန်နှင့် ၎င်းတို့ရွေးကောက်ပွဲဝင်နိုင်ရန် နိုင်ငံသားဖြစ်ရေးအတွက် ယုံကြည်ရသည့်လမ်းကြောင်း တစ်ရပ်ကို ပံ့ပိုးသည့်အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်အတူ ပူးပေါင်းလုပ်ကိုင်ရန်၊

- ရိုဟင်ဂျာမွတ်စလင်တို့မှရွေးချယ်ထားသည့်အတိုင်း ၎င်းတို့ကို တရားဝင်အနေအထားပေးကာ ၎င်းတို့၏ မည်သူမည်ဝါဖြစ်ကြောင်းသတ်မှတ်ပိုင်ခွင့်ကို လေးစားသည့်အနေဖြင့် လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းသုံးရန်နှင့်

- ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများနှင့်ထိန်းသိမ်းခံနေရသူများ သို့မဟုတ် တရားရင်ဆိုင်ရန်စောင့်နေ သူများအား အကန့်အသတ်မရှိလွှတ်ပေးရန် အမြင့်ဆုံးဆင့်တွင်ဖိအားပေး ဆောင်ရွက်ပေးရန်၊ အကျဉ်းသားများ အပေါ် လူသားဆန်စွာဆက်ဆံပြီး ၎င်းတို့၏မိသားစု၊ လူ့အခွင့်အရေး စောင့်ကြပ်ကြည့်ရှုသူများ၊ ရှေ့နေများတို့နှင့် တွေ့ခွင့်ပေးပြီး လုံလောက်သည့်ကျန်းမာရေးကုသမှုပေးရန်နှင့် မိမိတို့၏ယုံကြည်ကိုးကွယ်မှုကို ကျင့်သုံးခွင့်ပြုရေး အတွက် မြန်မာအစိုးရအပေါ် ဖိအားပေးရန်။

**နောက်ခံသမိုင်း**

**မြန်မာနိုင်ငံ**
**အမည်အပြည့်အစုံ -** ပြည်ထောင်စုမြန်မာနိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံ
**အစိုးရ -** ပါလီမန် သမ္မတနိုင်ငံ
**လူဦးရေ *-** ၅၁၄၈၆၀၀+
**အစိုးရအသိအမှတ်ပြုထားသည့်ဘာသာရေးများ/ယုံကြည်ကိုးကွယ်မှုများ -** ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူ၊ နတ်ကိုးကွယ်မှု
**ဘာသာရေးဆိုင်ရာ လူဦးရေစာရင်း -**
၈၉.၈% ဗုဒ္ဓဘာသာ
၆.၃% ခရစ်ယာန်
၂.၃% မွတ်စလင် (၂၀၁၄ ခုနှစ်လူဦးရေစာရင်းကောက်ချိန်တွင်ရေတွက်မထားသော ရခိုင်ပြည်နယ်ရှိ မွတ်စလင်များ ၄.၃%)
၀.၈% နတ်ကိုးကွယ်သူ
၀.၅% ဟိန္ဒူ
၀.၂% အခြား
၀.၁% ဘာသာမရှိ
* လူဦးရေနှင့် ဘာသာရေးဆိုင်ရာကိန်းဂဏန်းများကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေစာရင်းမှ ရယူထားပြီး ကျန်အချက်အလက်အားလုံးမှာ CIA ကမ္ဘာ့အချက်အလက်စာအုပ်မှ ရယူထားပါသည်။

၂၀၁၇ ခုနှစ်တစ်လျှောက်လုံး ရခိုင်ပြည်နယ်ရှိ ကြောက်မက်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လုံခြုံရေးအမှုထမ်းများကို ပစ်မှတ်ထားခဲ့သည့် ရိုဟင်ဂျာသောင်းကျန်းသူများရော၊ တပ်မတော်၏ ရက်စက်ကြမ်းကြုတ်သည့် တုံ့ပြန်မှုအပေါ် ကိုပါ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပြင်းထန်စွာကဲ့ရဲ့ပြစ်တင်ရှုတ်ချခဲ့၏။ သို့ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏စိစစ်မှုကို တိတ်ဆိတ်နေမှု၊ ငြင်းဆိုမှု၊ အချက်အလက်များကို မမှန်မကန်ပြောဆိုခြင်းတို့ဖြင့် ရင်ဆိုင်ခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်ခံမည့်အစား မြန်မာ့တပ်မတော်နှင့် အာဏာရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရတို့ အချင်းချင်းပူးပေါင်းကြပြီး ထိခိုက်မှုရှိခဲ့သည့်နေရာများကို နိုင်ငံတကာလူ့အခွင့်အရေး စောင့်ကြပ်ကြည့်ရှုသူများ၊ သီးခြားမီဒီယာများနှင့် လူသားချင်းစာနာမှု အထောက်အပံ့နှင့် ဝန်ထမ်းများအား အဓိကအားဖြင့် ဝင်ခွင့်ပိတ်ပင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုအကျပ်အတည်း၏အတိုင်းအတာမှာ ရိုဟင်ဂျာမွတ်စလင်များအတွက်သာဖြစ်သော်လည်း ဤသည်မှာ မြန်မာနိုင်ငံရှိ ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် အစိုးရနှင့်အစိုးရမဟုတ်သည့် သြဇာရှိသူများမှ ဆယ်စုနှစ်ပေါင်းများစွာ ကျူးလွန်ခဲ့ပြီး တွေ့ရလေ့ရှိသည့် ညှဉ်းပန်းနှိပ်စက်မှုများ၏ လက္ခဏာပင်ဖြစ်သည်။ နှစ်ပေါင်းခုနစ်ဆယ်နီးပါး ဗမာတိုင်းရင်းသားလူများစု သို့မဟုတ် ဗုဒ္ဓဘာသာဝင်လူများစု မဟုတ်သူ မည်သူမဆို ခွဲခြားဆက်ဆံခံရခြင်း၊ ရပိုင်ခွင့်များကင်းမဲ့ခြင်း၊ ထောင်ချခြင်းနှင့် အကြမ်းဖက်ခံရခြင်းအန္တရာယ်များ ရှိခဲ့ပါသည်။ အထူးသဖြင့် အကြမ်းဖက်မှုမှာ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများ (EAOs) နှင့် တပ်မတော်တို့၏ ကာလကြာမြင့်စွာဖြစ်ပေါ်နေသည့် ပဋိပက္ခများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ တကယ်တမ်းဆိုရလျှင် အစိုးရဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်လုပ်ဆောင်ရန် မအောင်မြင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် တိုက်ပွဲများ ပြင်းထန်လာခဲ့ပါသည်။ ထို့အပြင် ၎င်းပဋိပက္ခများ ကြောင့် ပေါ်ထွက်လာရသည့် ပြည်တွင်းပြည်ပ အိုးအိမ်ဆုံးရှုံးမှုများကြောင့် အထူးသဖြင့် နိုင်ငံ၏နယ်စပ်ဖြတ်ကျော်ရန် ကြိုးပမ်းခဲ့သူများအတွက် လူကုန်ကူးခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းအန္တရာယ်တို့ ပိုမိုမြင့်မားခဲ့ပါသည်။ (ဘာသာရေးလွတ်လပ်မှု၊ ၎င်းနှင့်ဆက်စပ်နေသော လူ့အခွင့်အရေးပြဿနာများ နယ်စပ်များကို ကျော်လွန်ပုံအကြောင်း ဖော်ပြထားသည့်အချက်အလက်များထပ်မံရရှိရန် ၂၀၁၇ ခုနှစ်စက်တင်ဘာလ USCIRF ၏ အစီရင်ခံစာ *(အားလုံးအတွက် ရပိုင်ခွင့် - အာဆီယံရှိ ဘာသာရေးလွတ်လပ်ခွင့် သို့မဟုတ် ယုံကြည်ခွင့်) A Right for All: Freedom of Religion or Belief in ASEAN* ကိုကြည့်ပါ။)

ထိုနှစ်အတွင်း အာဏာပိုင်များသည် သတင်းစာဆရာများနှင့် လူမှုမီဒီယာအသုံးပြုသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်းများ ပြုလုပ်ကာ လွတ်လပ်စွာပုံနှိပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို တင်းကျပ်ခဲ့ပါသည်။ ဥပမာ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ၏ အစွန်းရောက်အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်မှု၊ မွတ်စလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့်ကာလကြာဆက်စပ်ခဲ့သည့် ဆူပူလှုံ့ဆော်သူဘုန်းကြီး ဦးဝီရသူအပေါ် ဝေဖန်ရေးသားမှုကို Facebook တွင်တင်ခဲ့သည့်ဟူသော စွပ်စွဲချက်ဖြင့် အာဏာပိုင်များမှ *Myanmar Now* အယ်ဒီတာချုပ် ဆွေဝင်းကို ဖမ်းဆီးခဲ့ပါသည်။ အမုန်းတရားဟောပြောမှုမှကာကွယ်ရန်ဥပဒေပြုရေးကို အစိုးရမှထည့်သွင်းစဉ်းစားနေသဖြင့် တိုး၍ကန့်သတ်လာသော ငြိမ်းချမ်းစွာဟောပြောမှုနှင့် ငြိမ်းချမ်းစွာသဘောထားကွဲလွဲမှု ပိုမိုနည်းပါးလာနိုင်ပါသည်။ ၂၀၁၇ ခုနှစ်စက်တင်ဘာလတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ နိုင်ငံတကာအဆင့်အတန်းများနှင့် ကိုက်ညီခြင်းမရှိဟု ရှုမြင်သည့် အမုန်းတရားဟောပြောမှုဆန့်ကျင်ရေး ဥပဒေမူကြမ်းတရပ်ကို မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ စက်တင်ဘာလတွင် တင်သွင်းခဲ့သည့် ၎င်းဥပဒေမူကြမ်းတွင် ဘာသာတရားအပေါ် ပြစ်မှားခြင်း သို့မဟုတ် နိုင်ငံရေးဟောပြောမှုတို့အပေါ် ကန့်သတ်ခြင်းများ မပါတော့သော်လည်း စိစစ်ရေးအပေါ် အလေးထားခဲ့ပြီး ဝေဖန်မှုနှင့် သဘောထားကွဲလွဲမှုအပေါ် အစိုးရမှ ဆက်လက်ဖိနှိပ်ခွင့်ပြုသည့် နည်းဖြင့် အမုန်းတရားဟောပြောပွဲကို ကျယ်ပြန့်စွာ အဓိပ္ပါယ်သတ်မှတ်ထားပါသည်။ ၂၀၁၇ ခုနှစ်ဆုံးတွင် ၎င်းဥပဒေမူကြမ်းကို လွှတ်တော်မှ ကိုင်တွယ်နေဆဲဖြစ်ပါသည်။ ထင်ရှားသည့်ရှေ့နေတစ်ဦးနှင့် NLD အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်၍ မွတ်စလင်ဘာသာဝင်

တစ်ဦးဖြစ်သူ ဦးကိုနီ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် လုပ်ကြံသတ်ဖြတ်ခြင်းမခံရမီ နောက်ဆုံးဆောင်ရွက်ခဲ့သည့် စီမံကိန်းများတွင် အမုန်းတရားဆန့်ကျင်ရေးဥပဒေရေးဆွဲခြင်း ပါဝင်ခဲ့ပါသည်။ နှစ်ဆုံးတွင် ၎င်းကိုသတ်ဖြတ်သူဟု အဓိက သံသယရှိသူကို ဖမ်းမမိသေးပါ။

၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သော်လည်း မြန်မာနိုင်ငံအစိုးရမှ ငြင်းပယ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ သီးခြားရပ်တည်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးလုပ်ငန်းအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့မှာ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်ဆေးရန်ဖြစ်သည်။ သို့သော် ဤလူသုံးဦးပါ အဖွဲ့ကို အစိုးရမှ ဗီဇာပေးရန် ငြင်းဆိုခဲ့ပါသည်။ ဤအစီရင်ခံစာတင်ပြချိန် အပြီးတွင် ၎င်းအဖွဲ့သည် ဘင်္ဂလာဒေ့ရှ်နှင့် မလေးရှားနိုင်ငံများသို့ အချက်အလက်များ ရယူရန်သွားရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လနှင့် စက်တင်ဘာလတို့တွင် ယာယီအစီရင်ခံစာနှင့် နောက်ဆုံးအစီရင်ခံစာတို့ကို ရရန်မျှော်လင့်ထားပါသည်။ ဗီဇာငြင်းဆိုမှုမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအခြေအနေ အထူးကိုယ်စားလှယ် ယန်ဟီးလီ မရောက်မီကလေးတွင် ဖြစ်ပါသည်။ ထိုခရီးမှာ သူမ၏ခြောက်ကြိမ်မြောက် သွားရောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် သူမစီစဉ်ထားသည့်ခရီးအပေါ် အစိုးရမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မပိတ်ပင်မီ နောက်ဆုံးခရီး ဖြစ်နိုင်ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် USCIRF ကိုယ်စားလှယ်အဖွဲ့သည် အစိုးရအရာရှိများ၊ အရပ်ဖက်လူမှုအသိုင်းအဝိုင်း၊ ဘာသာရေးဆိုင်ရာ ကိုယ်စားလှယ်များတို့နှင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များတွင် တွေ့ဆုံရန် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အစီရင်ခံစာတင်ပြပြီးချိန်တွင် USCIRF ဝန်ထမ်းများသည် ရိုဟင်ဂျာ မွတ်စလင်ဒုက္ခသည်များ၏အခြေအနေ အချက်အလက်ရယူရန် ဘင်္ဂလာဒေ့ရှ်ရှိ ဒါကာမြို့နှင့် ကောက်စစ်ဈေးသို့ သွားရောက်ခဲ့ပါသည်။

## ၂၀၁၇ ခုနှစ် ဘာသာရေးလွတ်လပ်မှု အခြေအနေများ

***ရခိုင်ပြည်နယ်အကျပ်အတည်း - ရိုဟင်ဂျာမွတ်စလင်နှင့် အခြားသူများ -*** ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) ဟုသိကြသည့် ရိုဟင်ဂျာသူပုန်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်စခန်းတစ်ခုနှင့် ရဲများတာဝန်ကျရာနေရာအချို့ကို တိုက်ခိုက်ခဲ့ပါသည်။ ARSA တိုက်ခိုက်မှုကြောင့် လုံခြုံရေးအရာရှိ ၁၂ ဦး သေဆုံးခဲ့ပြီး သူပုန်များဘက်မှ ဒါဇင်အချို့သေဆုံးခဲ့ပြီး ၎င်းတိုက်ခိုက်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ပြစ်တင်ရှုတ်ချခဲ့ပြီး မြန်မာအစိုးရမှ ၎င်းအဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းဟု အမည်တပ်ခဲ့ပါသည်။ ကျူးလွန်သူများကို ဖမ်းဆီးကာ အပြစ်မဲ့ပြည်သူများနှင့် အခြားလုံခြုံရေးဝန်ထမ်းများကို ထပ်မံအကြမ်းဖက်မှုမှ ကာကွယ်မည့်အစား ကိုယ်ထူကိုယ်ထ လုံခြုံရေးအဖွဲ့များအဖြစ် ဆောင်ရွက်နေသော ဒေသခံဗုဒ္ဓဘာသာဝင်များ၏ အကူအညီဖြင့် မြန်မာ့တပ်မတော်မှ ရိုဟင်ဂျာ မွတ်စလင်များအပေါ် ရက်စက်ကြမ်းကြုတ်သည့် ဖြိုခွဲမှုတစ်ရပ် အလျင်အမြန် အကောင်အထည်ဖော်ခဲ့ပါသည်။ ၎င်းတို့၏ ခွဲခြားမှုမရှိသည့်၊ အချိုးအစားမညီမျှသည့် တိုက်ခိုက်မှုများကြောင့် ပထမလတွင် ရာပေါင်းများစွာသော ကလေးများ အပါအဝင် ရိုဟင်ဂျာမွတ်စလင်စုစုပေါင်း အနည်းဆုံး ခြောက်ထောင်ခုနစ်ရာ သေဆုံးခဲ့ပါသည်။ နှစ်ကုန်ချိန်တွင် ရွာပေါင်း ၃၅၀ ကျော်မှာ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုံးဝဖြစ်စေ မီးရှို့ခံခဲ့ရပါသည်။ ထိုတိုက်ခိုက်မှုများကြောင့် မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူများအပြင် မြို၊ ဒိုင်နက်၊ သက်နှင့် မရမကြီးအပါအဝင် အရေအတွက်မသိသည့် ပြည်တွင်း အိုးအိမ်ဆုံးရှုံးသူများ ပေါ်ပေါက်ခဲ့ပါသည်။ ကမ္ဘာပေါင်းစုံညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ အပြောအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ရိုဟင်ဂျာမွတ်စလင်ဒုက္ခသည် အယောက်ခြောက်သိန်းရှစ်သောင်းရှစ်ထောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ အစိုးရအစဉ်အဆက်မှ ရိုဟင်ဂျာမွတ်စလင်များအပေါ် မျိုးဆက်ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊

ခွဲခြားဆက်ဆံခြင်း၊ နိုင်ငံသားဖြစ်ရန် ငြင်းပယ်ခြင်းနှင့် ၎င်းတို့ မည်သူမည်ဝါဖြစ်ကြောင်းကို ငြင်းပယ်ရန်ကြိုးစားခြင်းများ ပြုခဲ့ကြပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လများတွင် ARSA တိုက်ခိုက်မှုသည် အစိုးရ၊ တပ်မတော်နှင့် အချို့သောအရပ်သားများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးအမည်ခံကာ ရိုဟင်ဂျာမွတ်စလင်များအား အမျိုးဖြုတ်ရန်နှင့် ၎င်းတို့၏တစ်ခုတည်းသော မိခင်နိုင်ငံနှင့် ၎င်းတို့အများစုမှ သိခဲ့သည့် တစ်ခုတည်းသောနိုင်ငံမှ အဝမွှနှင်ထုတ်ရန် အကြောင်းပြချက်တစ်ရပ်ကို လက်ကမ်းပေးလိုက်ခဲ့ခြင်းဖြစ်ပါသည်။

လူသားချင်းစာနာမှုအကူအညီပေးပို့မှု အားလုံးနီးပါးကို မြန်မာနိုင်ငံမှ ပိတ်ဆို့လိုက်သည့်အခါ ရိုဟင်ဂျာမွတ်စလင်များနှင့် ရခိုင်ပြည်နယ်တွင်ကျန်ရှိနေခဲ့သော အခြားသူများအတွက် လူသားချင်းစာနာမှုအကျပ်အတည်းမှာ ပိုမိုဆိုးရွားလာခဲ့ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြပ်ကြည့်ရှုသူများနှင့် သီးခြားရပ်တည်သည့် မီဒီယာများမှ သွားရောက်ခြင်းကိုလည်း အစိုးရမှ တားဆီးပိတ်ပင်ခဲ့သဖြင့် အခြေအနေများကို သုံးသပ်ရန် ခက်ခဲခဲ့ပါသည်။

မြန်မာအစိုးရနှင့်တပ်မတော်တို့သည် တာဝန်နှင့်အမှားတို့မှ တသမတ်တည်း ရှောင်ရှားခဲ့ပါသည်။ တရားဝင်မဟုတ်သော်လည်း လက်တွေ့တွင် ခေါင်းဆောင်ဖြစ်ပြီး နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်မှ သူမ၏ ၂၀၁၇ ခုနှစ် အများပြည်သူရှေ့မှောက် ဤအကျပ်အတည်းအပေါ် ပြောကြားခဲ့သည့် ပထမဦးဆုံးမှတ်ချက်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်တင်ရှုတ်ချခဲ့သော်လည်း ရိုဟင်ဂျာမွတ်စလင်များထွက်ပြေးခဲ့ခြင်းအပေါ် မေးခွန်းထုတ်ခဲ့ပါသည်။ ထို့နောက် ၎င်းလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံအမျိုးသားရေးဆိုင်ရာ လုံခြုံရေး အကြံပြုပုဂ္ဂိုလ်မှ နိုင်ငံတကာအသိုင်းအဝိုင်းသည် အကြမ်းဖက်ဝါဒဖြန့်ချိမှု၏ အလှည့်စားခံခဲ့ရကြောင်းပြောခဲ့ပြီး လူမျိုးရေး သန့်စင်မှုသော်လည်းကောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုသော်လည်းကောင်း မရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့်အရာမှာ အကြမ်းဖက်မှုကြောင့်ဖြစ်ကာ ဘာသာရေးကြောင့်မဟုတ်ကြောင်း ပြောခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်ရှိ ညှဉ်းပန်းနှိပ်စက်မှုများဟု စွပ်စွဲချက်များအပေါ် တပ်မတော်မှ စုံစမ်းစစ်ဆေးချက် ထုတ်ပြန်ခဲ့ပြီး ထိုစုံစမ်းစစ်ဆေးချက်တွင် ညှဉ်းပန်းနှိပ်စက်မှုများမတွေ့ကြောင်း ပြောကြားကာ မှားယွင်းသည့်လုပ်ရပ်အားလုံး ကျူးလွန်ခဲ့ခြင်း မရှိကြောင်း မိမိကိုယ်ကိုယ်အပြစ်ဖြေခဲ့ပါသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အထူးအစည်းအဝေးတွင် လူမျိုးတုံးသတ်ဖြတ်မှု အရိပ်အယောင် လုံးဝမရှိဟု တစ်စုံတစ်ဦးမှ ပြောနိုင်မည်လားဟု မဟာမင်းကြီး ဇာအိရာအတ်အယ်လ်ဟူစိန်မှ မေးခွန်း ထုတ်ခဲ့ပါသည်။

ရိုဟင်ဂျာမွတ်စလင်များနိုင်ငံမဲ့နေခြင်းကြောင့် အထူးအားနည်းနေ၍ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကြုံတွေ့နိုင်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင်- နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်၏ရုံးမှ ဖွဲ့စည်းခဲ့ကာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးဟောင်း ကိုဖီအာနန် ဦးဆောင်သည့် -ရခိုင်ပြည်နယ် အကြံပေးကော်မရှင်မှ အခြားဆောင်ရွက်ချက်များအပြင် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ရပ် အလျင်အမြန် အကောင်အထည်ဖော်ရန်နှင့် လက်တွေ့တွင် ရိုဟင်ဂျာမွတ်စလင်များ၏ နိုင်ငံသားခံယူမှု ဆုံးရှုံးစေသည့် အခြေခံအကြောင်းရင်းဖြစ်သော ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို သုံးသပ်ရန် အကြံပြုခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရသည် အကြံပေးကော်မရှင်၏ အကြံပြုချက်များကို ဖြည့်ဆည်းရန် အကောင်အထည်ဖော်ရေး ကော်မတီတစ်ရပ်ကို တာဝန်ပေးခဲ့သော်လည်း နှစ်ကုန်ချိန်တွင် သိသာသည့်တိုးတက်မှု အနည်းငယ်သာ ရရှိခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာမဟုတ်သူ မွတ်စလင်များပင် ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုကြောင့် ခွဲခြားဆက်ဆံမှုနှင့် ကြုံတွေ့ရပါသည်။ ဥပမာ နိုဝင်ဘာလတွင် USCIRF သွားရောက်ခဲ့စဉ်က မွတ်စလင်များ၏ မှတ်ပုံတင်ကတ်ပြားများတွင် ၎င်းတို့သည် မြန်မာနိုင်ငံမှဖြစ်ကြောင်းဖော်ပြခွင့်မရှိဘဲ အိန္ဒိယ သို့မဟုတ် ပါကစ္စတန်ကဲ့သို့ အခြားနိုင်ငံတစ်ခုမှဖြစ်ကြောင်း ဖော်ပြရမည်ဖြစ်ပြီး ထိုသို့ဖော်ပြခြင်းကြောင့် ဘဏ်မှချေးငွေ ရယူရန်၊ အိမ်ခန်းငှားရန် သို့မဟုတ် အစိုးရဝန်ထမ်းအလုပ်ရရန် ခက်ခဲကြောင်း ကြားသိခဲ့ရပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ဘင်္ဂလာဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများသို့ USCIRF မှ သွားရောက်ခဲ့စဉ်က ရိုဟင်ဂျာမွတ်စလင်များ မြန်မာနိုင်ငံမှ ထွက်ပြေးခြင်းမပြုမီ ၄င်းတို့၏ ဘာသာရေးလွတ်လပ်ခွင့်ကို တပ်မတော်နှင့် ရခိုင်ပြည်နယ်ရှိ အစိုးရမဟုတ်သည့် သြဇာရှိသူများမှ နည်းအမျိုးမျိုးဖြင့် ကန့်သတ်ခဲ့ကြောင်း၊ ဥပမာ အာဏာပိုင်များသည် ရာမဒန်နှင့် အစ်နေ့ပွဲများတွင် နှောင့်ယှက်လေ့ရှိကြောင်း၊ မဒရပ်စာကျောင်းများနှင့် ဗလီများကို သော့ခတ်ကာ မီးရှို့ခဲ့ကြောင်း၊ ရိုဟင်ဂျာမွတ်စလင်ကလေးများ မဒရပ်စာကျောင်းများ တက်ရောက်ခြင်းနှင့် အီမမ်များ သင်တန်းတက်ရောက်ခြင်းကို တားဆီးခဲ့ကြောင်း၊ ကိုရန်ကျမ်းများကို မလေးမစားပြုလုပ်ခဲ့ကြောင်း၊ မွတ်စလင်ရိုးရာအတိုင်း မြုပ်နှံသင်္ဂြိုဟ်ခြင်းကို တားမြစ်ခဲ့ကြောင်းနှင့် အီမမ်များကို ဖမ်းဆီးညှဉ်းဆဲ၍သတ်ဖြတ်ရန် ပစ်မှတ်ထားခဲ့ကြောင်းလည်း သိရှိခဲ့ပါသည်။

***မွတ်စလင်များအပေါ် လူမျိုးကြီးဝါဒသဘောထားနှင့် ခွဲခြားဆက်ဆံခြင်းများ*** - ဗုဒ္ဓဘာသာဝင်အချို့အကြား ရှိနေသည့် အစွန်းရောက် အမျိုးသားရေးစိတ်ဓာတ်သည် မြန်မာနိုင်ငံရှိ မွတ်စလင်များအပေါ် မုန်းတီးမှုကို ဆက်လက်တွန်းအားပေးနေပါသည်။ ဗုဒ္ဓဘာသာခေါင်းဆောင်အချို့သည် လူမျိုးကြီးစိတ်ဓာတ်နှင့် လူမျိုးရေးခွဲခြားသည့်သဘောထားများ ဝါဒဖြန့်ခဲ့ကြပြီး ပြောစကားများနှင့်လုပ်ရပ်များအတွက် သြဇာအာဏာပေးထားခြင်းကို အရပ်သားဗုဒ္ဓဘာသာဝင်များက များသောအားဖြင့် စိန်ခေါ်ခဲ့ခြင်း မရှိပါ။ ဥပမာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထင်ရှားသည့် အစွန်းရောက်အမျိုးသားရေးဝါဒီ သီတဂူဆရာတော်သည် ကရင်ပြည်နယ်ရှိ မြန်မာ့တပ်မတော်အား လှုံ့ဆော်သည့်တရားဟောကြားခဲ့ပြီး ထိုတရားတွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမွတ်စလင်များကို ပစ်မှတ်ထားသည့် ခွဲခြားသတ်မှတ်မထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အချိုးအစားမညီမျှသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အရေးပါမှုကို မေးမှိန်ပျက်ပြယ်သွားစေရန်နှင့် အကြောင်းပြချက်ပေးရန် ပုံပြင်ဥပမာတစ်ခုအသုံးပြုခဲ့ပါသည်။ ထိုသို့ဖြစ်ပျက်ပြီး အပတ်အနည်းငယ်အကြာတွင် USCIRF နှင့်တွေ့ခဲ့သည့် အစိုးရနှင့် ဗုဒ္ဓဘာသာအာဏာပိုင်များက ထိုတရားကို ခုခံကာကွယ်ပြောဆိုခဲ့ကြပါသည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ ဒေသခံအရာရှိများက အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သောဗုဒ္ဓဘာသာဝင်လူအုပ်ကြီး၏ဖိအားပေးမှုကြောင့် အစ္စလမ်ဘာသာဝင်ကျောင်း နှစ်ကျောင်းပိတ်ခဲ့ပါသည်။ ၄င်းနောက်နှစ်ပတ်မပြည့်မီ အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်များက လူနေရပ်ကွက်တစ်ခုတွင် ရိုဟင်ဂျာမွတ်စလင်များ နေနေသဖြင့် ရဲများကို ရှာဖွေစေခဲ့ပါသည်။ ရဲများမှ ရိုဟင်ဂျာဖြစ်စေ၊ အခြားဖြစ်စေ၊ တရားမဝင်နေထိုင်သူ တစ်ဦးမျှ မတွေ့သည့်အခါအမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်လူအုပ်ကြီးသည် ရန်လိုလာသဖြင့်ပေါ်ပေါက်ခဲ့သော ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်အကြား အကြမ်းဖက်မှုကြောင့် လူနှစ်ဦးဒဏ်ရာရခဲ့ပါသည်။ အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်အချို့ကို မွတ်စလင်များအပေါ် အကြမ်းဖက်ရန်လှုံ့ဆော်သည့် ၄င်းတို့၏အခန်းကဏ္ဍကြောင့် ရဲမှထိန်းသိမ်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မေလတွင် မွတ်စလင်အမျိုးသားသုံးဦး သာကေတမြို့နယ်ရှိ ပိတ်ထားသော အစ္စလမ်ကျောင်းတစ်ကျောင်းပြင်ပတွင် ရာမဒန်ဝတ်ပြုပွဲဦးဆောင်ပြီးနောက် အများပြည်သူရှေ့ ဝတ်ပြုရေးအတွက် ခွင့်ပြုချက်ရယူရန် ပျက်ကွက်သည့်အတွက် ရဲများမှတရားစွဲဆိုခဲ့ပါသည်။ ဤအစီရင်ခံစာကာလအဆုံးတွင် ထိုကျောင်းနှစ်ကျောင်းစလုံး ပိတ်ထားဆဲဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ တစ်နှစ်တာပတ်လုံး အစွန်းရောက်အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူများအပေါ် အစိုးရနှင့်လူမှုရေးဆိုင်ရာတွန်းလှန်မှု နမူနာများ ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မတ်လတွင် နိုင်ငံ၏ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို စီမံခန့်ခွဲသည့် ဘုန်းတော်ကြီးများဦးဆောင်သောတရားဝင်အသင်းဖြစ်သည့် နိုင်ငံတော်သံဃာမဟာနာယက သို့မဟုတ်မဟနမှ ဦးဝီရသူ၏ အများပြည်သူရှေ့ တရားများနှင့် ဟောပြောမှုများကို တစ်နှစ်ပိတ်ပင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မေလတွင် မဘသဟုသိကြသည့် အမျိုးသားစိတ်ဓာတ်ပြင်းထန်သူများအဖွဲ့ကို မဘသအမည်အသုံးပြုခြင်းမှရပ်စဲရန်နှင့် ဆိုင်းဘုတ်များ၊ ပိုစတာများ ဖြုတ်ချရန် မဟနမှ အမိန့်ပေးခဲ့ပါသည်။ မဟနမှ ၂၀၁၆ ခုနှစ်တွင် မဘသကို မည်သည့်အခါကမျှ ထောက်ခံမှုမရှိကြောင်း ကြေညာခဲ့ပါသည်။ သို့ရာတွင် မဘသမှာ ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းလက်အောက်မှနေ၍ လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ပြီး ၄င်းကိုထောက်ခံသူအချို့က နိုင်ငံရေးပါတီတစ်ရပ်ဖွဲ့စည်းရန် ကြိုးပမ်းခဲ့ပါသည်။ အစွန်းရောက်

အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဘုန်းကြီးများနှင့်ထောက်ခံသူများက အစိုးရအား ဗုဒ္ဓဘာသာကို ထိခိုက်သည်ဟုစွပ်စွဲရန် ရန်ကုန်နှင့်မန္တလေးတို့တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လက ဆန္ဒပြပွဲများ စီစဉ်ခဲ့သည့်အခါ ဒေသနှစ်ခုလုံးရှိ အာဏာပိုင်များက ကြားဖြတ်ဝင်ရောက်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်တွင် စိုးရိမ်သော အရပ်သားဗုဒ္ဓဘာသာဝင်များက ဦးဝီရသူကဲ့သို့ အစွန်းရောက်အမျိုးသားရေးဝါဒီများ၏ စကားများနှင့်လုပ်ရပ်များကိုတန်ပြန်ရန် စည်းရုံးမှုတစ်ရပ်ဖြစ်သည့် အဓမ္မဝါဒီဆန့်ကျင်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ဘာသာရေးခေါင်းဆောင်များ၊ လူငယ်များနှင့် အခြားသက်ဆိုင်သူများကလည်း ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပဋိပက္ခတားဆီးရေးအကြောင်း ဆွေးနွေးရန် ဆက်လက်စုရုံးခဲ့ကြသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် သီလရှင်များကို ဘာသာပေါင်းစုံ စုရုံးဝတ်ပြု ပွဲများနှင့် ပြောဆိုမှုများတွင် ပါဝင်ခြင်းကို ခွင့်မပြုသည့် အမိန့်ပြန်တမ်းကို မဟာနမှ ထုတ်ပြန်သည့်အခါ ၎င်းအရှိန်အဟုန် လျော့ပါးသွားပါသည်။ ထိုသို့တားမြစ်ရခြင်းမှာ စုရုံးပွဲတစ်ရပ်အပြီးတွင် ဘုန်းတော်ကြီးများမှာ ကြမ်းပြင်ပေါ်တွင်ထိုင်ပြီး အခြားသူများက ကုလားထိုင်များတွင်ထိုင်သဖြင့် ကျင့်ဝတ်ဆိုင်ရာစိုးရိမ်မှုများကြောင့် ဖြစ်သည်။

***ခရစ်ယာန်လူနည်းစုများအပေါ် ပစ်မှတ်ထားသည့်ညှဉ်းပန်းနှိပ်စက်မှုများ -*** တပ်မတော်အုပ်ချုပ်မှုအမွေအနှစ်သည် ခရစ်ယာန်များ၏ နေ့စဉ်ဘဝကို မြောက်များစွာသော ခွဲခြားဆက်ဆံနည်းများဖြင့် ထိခိုက်နေဆဲဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ မတရားသဘောဖြင့် ဆက်ဆံခြင်း ဖြစ်ပေါ်နေခဲ့ပါသည်။ ဥပမာ ဒေသန္တရအဆင့်တွင် တပ်မတော်၏ ဗျူရိုကရေစီများက ဝတ်ပြုကျောင်းများအပေါ် မြေယာကန့်သတ်မှုများပြုလုပ်ကာ ဝတ်ပြုကျောင်းတည်ဆောက်ခြင်းနှင့် လက်ဝါးကပ်တိုင်ထောင်ခြင်းများအပေါ် ခွင့်ပြုချက်များငြင်းဆိုပါသည်။ ၂၀၁၇ ခုနှစ်တွင် ခရစ်ယာန်များကို မိမိတို့အိမ်တွင် ဝတ်ပြုခွင့်ပေးလေ့မရှိကြောင်း USCIRF မှ ရရှိသည့် အခြားအစီရင်ခံချက်များကို ကရင်ခရစ်ယာန်များမှ အတည်ပြုခဲ့ကြပါသည်။

မြန်မာပြည်တွင် ကာလကြာမြင့်စွာ တပ်မတော်နှင့်တိုင်းရင်းသားများအကြားပဋိပက္ခများကြောင့် ခရစ်ယာန်များအပေါ် ဖြစ်စေ၊ အခြားဘာသာရေးလူနည်းစုများအပေါ်ဖြစ်စေ ပြုလုပ်ခဲ့ပြီး ပြုလုပ်နေဆဲ ညှဉ်းပန်းနှိပ်စက်မှုများသည် ဘာသာရေးလွတ်လပ်မှုနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းရှိမရှိ ခွဲခြားရန်ခက်ခဲပါသည်။ မြန်မာ့တပ်မတော်သည် ဆယ်စုနှစ်များစွာကြာ ပြစ်ဒဏ်ခံရမှုလုံးဝနီးပါးကင်းမဲ့ပြီး လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဥပဒေကို ချိုးဖောက်လေ့ရှိကာ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများကို ပစ်မှတ်ထားခဲ့ကြောင်း ၂၀၁၇ ခုနှစ် ဇွန်လတွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ အစီရင်ခံခဲ့ပါသည်။ သို့ရာတွင် ဤသို့ရှုတ်ထွေး၍ မသိမသာကွဲပြားသည့်အချက်သည် တပ်မတော်မှ ဝတ်ပြုရာနေရာများအပေါ် အကြမ်းဖက်တိုက်ခိုက်၍ အဓမ္မရွှေ့ပြောင်းစေခြင်း၊ ခရစ်ယာန်သင်္ချိုင်းများအား ဖျက်ဆီးခြင်းတို့၏ အလွန်ကြီးလေး၍ တစ်ခါတစ်ရံလူသေဆုံးစေသည့် သက်ရောက်မှုများကို နည်းပါးသွားစေခြင်းမရှိပါ။

၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေးစာချုပ်ပျက်ပြားသွားပြီးခြောက်နှစ်ကျော်အကြာ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများကြောင့် အဓိကအားဖြင့် ခရစ်ယာန်များရှိသော ကချင်ပြည်နယ်တွင် ပြည်သူများနှင့် အိုးအိမ်ပိုင်ဆိုင်မှုများအပေါ်အကြမ်းဖက်မှုများဖြစ်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းစခန်းများတွင် ပြည်တွင်းအိုးအိမ်ဆုံးရှုံးသူ တစ်သိန်းကျော်ရှိနေပြီး အချို့မှာ အကြိမ်ပေါင်းများစွာ အိုးအိမ်ဆုံးရှုံးခဲ့ကြသည်။ ကာလရှည်ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် ဘာသာရေးသဘောသဘာဝ မရှိသော်လည်း ခရစ်ယာန်များနှင့် အခြားဘာသာရေးအသိုင်းအဝိုင်းများကို များစွာထိခိုက်ခဲ့ပြီး လူသားချင်းစာနာမှု အထောက်အပံ့ကို တပ်မတော်မှ ပိတ်ပင်ထားမှုများကြောင့် အရပ်သားများ အစာ၊ အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားအခြေခံလိုအပ်ချက်များကို ကာလရှည်ကြာစွာမရယူနိုင်အောင် ကန့်သတ်ခဲ့ပါသည်။ ကချင်နှစ်ခြင်းအသင်းချုပ်နှင့်အခြားသောအဖွဲ့အစည်းများကဲ့သို့ ဘာသာရေးအဖွဲ့အစည်းများသည် အိုးအိမ်ဆုံးရှုံးသူများကို ဆက်လက်ကူညီနေပါသည်။ ထို့အပြင် အာဏာပိုင်များမှ ခရစ်ယာန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေသူ သို့မဟုတ် အတူလုပ်ကိုင်နေသူဟုယူဆသည့် အခြားသူများကိုလည်း ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့်ပစ်မှတ်ထားခြင်းများ ပုံမှန်ပြုလုပ်ကြပါသည်။ ၂၀၁၇ ခုနှစ်

စက်တင်ဘာလတွင် စစ်သားသုံးဦး ကချင်ပြည်နယ်တွင် ပြည်တွင်းအိုးအိမ်ဆုံးရှုံးသူ သုံးဦးကို သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။ ဤအစီရင်ခံစာ ပြီးဆုံးချိန်တွင် တပ်မတော်တရားရုံး၌ ၎င်းတို့၏ကံကြမ္မာမည်သို့ရှိသည်ကို မသိပါ။

***မြန်မာနှင့်ဗာတီကန်ဆက်ဆံရေးနှင့် ပုပ်ရဟန်းမင်းကြီး၏ မြန်မာနိုင်ငံခရီး -*** ၂၀၁၇ ခုနှစ် မေလတွင် ဗာတီကန်နှင့် မြန်မာနိုင်ငံတို့ သံတမန်ဆက်ဆံရေး အပြည့်အဝတည်ထောင်ကာ နှစ်ဘက်သံအမတ်များခန့်အပ်ရန် လမ်းဖောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပုပ်ရဟန်းမင်းဖရန်းစစ္စ မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပြီး လေဟာပြင်တရားဟောပွဲ ပြုလုပ်ကာ သမ္မတဦးထင်ကျော်၊ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် တွေ့ဆုံခဲ့ပါသည်။ ပုပ်ရဟန်းမင်းကြီးသည် မြန်ပြည်တွင်ရှိစဉ် လူထုရှေ့၌ အစိုးရမှအသိမပြုသည့် ရိုဟင်ဂျာဟူသည့် အခေါ်အဝေါ်ကို မသုံးခဲ့သော်လည်း နှစ်ကိုယ်ကြားပြောဆိုမှုများတွင် ၎င်းတို့၏အခြေအနေအပေါ် စိုးရိမ်မှုများရှိကြောင်း ပြောခဲ့ကြောင်း၊ ထိုမှနေ၍ချက်ချင်းသွားရောက်ခဲ့သော ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် ရိုဟင်ဂျာဒုက္ခသည်များနှင့် တွေ့ခဲ့ပြီး ၎င်းအခေါ်အဝေါ်ကို သုံးခဲ့သည်ဟုသိရပါသည်။ ဗုဒ္ဓဘာသာဝင်အမျိုးသားရေးဝါဒီများက ခရစ်ယာန်များအပေါ် လက်တုံ့ပြန်မည်ကို စိုးရိမ်သဖြင့် မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ခရစ်ယာန်ဘုန်းတော်ကြီး ချားလ်စ်မောင်ဘို အပါအဝင် အချို့သူများက ပုပ်ရဟန်းမင်းဖရန်းစစ္စအား ၎င်းအခေါ်အဝေါ်မသုံးရန် အကြံပြုခဲ့ပါသည်။ ပုပ်ရဟန်းမင်းကြီးက ထိုအခေါ်အဝေါ်ကို ယခင်ကသုံးခဲ့ပါသည်။ ဉပမာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ဗာတီကန်မြို့တော်ရှိ ပရိသတ်အား "မြန်မာနိုင်ငံက မောင်းထုတ်ခံရတဲ့ ရိုဟင်ဂျာ ညီအစ်ကိုမောင်နှမတွေအတွက် ဆုတောင်းပေးကြပါ။ .... သူတို့ရဲ့ ရိုးရာ မွတ်စလင်ယုံကြည်ကိုးကွယ်မှုကြောင့်ပဲ ညှဉ်းဆဲခံရတယ်။ အသတ်ခံရတယ်။" ဟု တောင်းဆိုခဲ့ပါသည်။

***ဖမ်းဆီးမှုများနှင့် အကျဉ်းချမှုများ -*** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာ) မှ လက်ရှိစီရင်ချက်ကျခံနေသူများနှင့် ထောင်တွင်းထောင်ပြင် တရားရင်ဆိုင်ရန်စောင့်ဆိုင်းနေသူများ အပါအဝင် နိုင်ငံတွင်းတွင် နိုင်ငံရေးအကျဉ်းသား ၂၃၆ ဦးရှိသည်ဟု တွက်ချက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကချင်နှစ်ခြင်းခေါင်းဆောင်နှစ်ဦးဖြစ်သူ ဒမ်ဒေါနောင်လတ်နှင့် လန်ဂျောဂမ်စိုင်တို့အပေါ် ကချင်လွတ်မြောက်ရေးတပ်ကို ထောက်ပံ့မှု စွပ်စွဲချက်ဖြင့် တရားရုံးမှ ထောင်ဒဏ်လေးနှစ်နှင့်သုံးလ၊ ထောင်ဒဏ်နှစ်နှစ်နှင့်သုံးလ အသီးသီးကျခံရန် စီရင်ချက်ချမှတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် မုန်းကိုရှိ စိန့်ဖရန်းစစ္စဇေးဗီးယား ကာသိုလစ်ဝတ်ပြုကျောင်းကို တပ်မတော် လေကြောင်းမှ တိုက်ခိုက်ပြီးနောက် ကချင်နှစ်ခြင်းအသင်းချုပ်အဖွဲ့ဝင်များဖြစ်သူ ၎င်းတို့နှစ်ဦးမှ ဒေသခံသတင်းစာသမားများကို ကူညီခဲ့သည့်အတွက် အာဏာပိုင်တို့မှ ၎င်းတို့ကိုဖမ်းဆီးခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရဲများက ရိုက်တာသတင်းထောက် ဝလုံးနှင့်ကျော်စိုးဦးတို့ကို ညစာစားရန်ဖိတ်ခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးကို တရားမဝင်ရရှိခဲ့သည်ဟုစွပ်စွဲထားသော အချက်အလက်များကိုထုတ်ပြောရန် ရည်ရွယ်ချက်ရှိသည်ဟု စွပ်စွဲ၍ဖမ်းဆီးခဲ့ပါသည်။ ထိုသတင်းထောက်များသည် ရခိုင်ပြည်နယ်၊ အင်းဒင်ရွာတွင် တွေ့ရှိခဲ့သည့် လူအများအပြားမြုပ်နှံထားသည့်နေရာကို စုံစမ်းစစ်ဆေးနေခဲ့သူများ ဖြစ်ကြသည်။ အစီရင်ခံစာကာလ ပြီးဆုံးပြီးများမကြာမီတွင် အစိုးရရှေ့နေများမှ သတင်းထောက်များကို ကိုလိုနီခေတ် တရားဝင်လျှို့ဝှက်ချက်များအက်ဥပဒေအရ တရားစွဲဆိုခဲ့ပါသည်။ အပြစ်ထင်ရှားတွေ့ရှိပါက ၎င်းအမျိုးသားနှစ်ဦးသည် ထောင်ဒဏ် ၁၄ နှစ်အထိ ကျခံရနိုင်ပါသည်။

အပြုသဘောဆောင်သည့် ဖြစ်ပေါ်မှုတစ်ရပ်မှာ ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်နေ့တွင် အာဏာပိုင်များက ဘာသာပေါင်းစုံ လှုပ်ရှားသူများဖြစ်သူ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့ကို လွှတ်ပေးခဲ့ပါသည်။ ၎င်တို့နှစ်ဦးစလုံးသည် မွတ်စလင်များ ဖြစ်ကြကာ တစ်ဦးစီသည် ၎င်းတို့၏ ငြိမ်းချမ်းသော ဘာသာပေါင်းစုံအလုပ်နှင့်ဆက်စပ်၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ဖြင့် စီရင်ချက်နှစ်ခု ကျခံနေရပါသည်။ ၎င်းတို့ကို လွှတ်ပေးသည်အထိ USCIRF သည် ၎င်း၏ [ဘာသာရေးဆိုင်ရာ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများစီမံချက်] ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့ နှစ်ဦးစလုံးကိုယ်စား ထောက်ခံပြောဆိုခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် USCIRF ကော်မရှင်အဖွဲ့ဝင်များနှင့်

ဝန်ထမ်းများသည် တက်ကြွလှုပ်ရှားသူ နှစ်ဦးစလုံးနှင့် မြန်မာနိုင်ငံတွင် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏လှုပ်ရှားမှုများကို အာဏာပိုင်များရော အစိုးရမဟုတ်သော သြဇာရှိသူများကပါ စောင့်ကြပ်ကြည့်ရှုနေကြကြောင်း သိခဲ့ရပါသည်။

## အမေရိကန်ပြည်ထောင်စု မူဝါဒ

၂၀၁၇ ခုနှစ်တစ်လျှောက်လုံးတွင် အမေရိကန်ပြည်ထောင်စုအစိုးရသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ခဲ့သော တိုက်ခိုက်မှုများကို ကြိမ်ဖန်တလဲ ပြစ်တင်ရှုတ်ချခဲ့ကာ ရိုဟင်ဂျာမွတ်စလင်များအပေါ် မြန်မာ့တပ်မတော်၏ ရက်စက်ယုတ်မာမှုများကို ရပ်စဲရန်တောင်းဆိုခဲ့သည်။ ၂၀၁၇ ခုနှစ်သြဂုတ်လတွင် အကြမ်းဖက်မှုစတင်ပြီးနောက် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ် နစ်ကီဟေးလီက ရခိုင်ပြည်နယ်အကျပ်အတည်းကို "တိုင်းရင်းသားလူနည်းစုတစ်ရပ်ကို နိုင်ငံမှသန့်စင်ပစ်ရန် ရက်စက်ကြမ်းကြုတ်သည့် စဉ်ဆက်မပြတ်စည်းရုံးရေးတစ်ရပ်" ဟု ရည်ညွှန်းခဲ့ပါသည်။ အောက်တိုဘာလတွင် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ရက်စ်တီလာစင်က ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့်အရာအတွက် မြန်မာ့တပ်မတော် ခေါင်းဆောင်များတွင် တာဝန်ရှိသည်ဟု ခံယူကြောင်း ပြောခဲ့ပါသည်။ ရက်ပေါင်းများစွာကြာပြီးနောက် လက်ရှိနှင့်ယခင် တပ်မတော်ခေါင်းဆောင်များအတွက် ခရီးသွားခွင့်များကိုရပ်စဲခြင်းနှင့် အမေရိကန်ပြည်ထောင်စုမှ ကြီးမှူးကျင်းပသည့် ပွဲများသို့ ဖိတ်ကြားချက်များအား ရုပ်သိမ်းခြင်းတို့ ပြုလုပ်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုများတွင်ပါဝင်ခဲ့သည့် တပ်မတော်နှင့် လုံခြုံရေးအမှုထမ်းများအတွက် အမေရိကန် ပြည်ထောင်စု၏ ထောက်ပံ့ရေးအစီအစဉ်များကို ဖြတ်တောက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

နိုဝင်ဘာလတွင် ထိုစဉ်ကဝန်ကြီးဖြစ်သူ တီလာစင်သည် နေပြည်တော်သို့ရောက်ရှိကာ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် တွေ့ဆုံခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးတွဲစာနယ်ဇင်းတွေ့ဆုံပွဲ တစ်ရပ်တွင် ဝန်ကြီးတီလာစင်က "လူမျိုး၊ ဘာသာ သို့မဟုတ် တိုင်းရင်းသားနှင့် သက်ဆိုင်ခြင်း မရှိဘဲ ပုဂ္ဂိုလ်အားလုံး" ၏ ရပိုင်ခွင့်များကိုလေးစားရန် တောင်းဆိုခဲ့ပါသည်။ ဝန်ကြီး၏ခရီးအပြီး တစ်ပတ်အကြာတွင် ထိုစဉ်ကဝန်ကြီးဖြစ်သူ တီလာစင်က စာနယ်ဇင်းကြေညာချက် တစ်ရပ်ထုတ်ပြန်ကာ အခြားအရာများအပြင် "ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေအနေသည် ရိုဟင်ဂျာများအပေါ် လူမျိုးသန့်စင်ရေး မြောက်သည်မှာ ရှင်းပါသည်" ဟု ဆိုခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် သမ္မတဒေါ်နယ်ထရမ့်မှ အုပ်ချုပ်ရေးအမိန့် တစ်ရပ် လက်မှတ်ရေးထိုးကာ မြန်မာ့တပ်မတော် အနောက်တိုင်းစစ်ဌာနချုပ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မောင်မောင်စိုးအား ကမ္ဘာလုံးဆိုင်ရာ မဂ်နစ်စကီး လူ့အခွင့်အရေးတာဝန်ခံမှုအက်ဥပဒေ (P.L. 114-328) အရ ရခိုင်ပြည်နယ်တွင် တပ်မတော်စစ်ဆင်ရေးများ နှင့် မြောက်များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြီးကြပ်မှုဖြင့် အရေးယူခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုသည် ရခိုင်ပြည်နယ်အကြံပြုကော်မရှင်၏ တွေ့ရှိချက်များနှင့်အကြံပြုချက်များကိုလည်း ထောက်ခံခဲ့ကာ ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးလုပ်ငန်းအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာကိုလည်း ထောက်ခံခဲ့ပါသည်။ ၂၀၁၇ ခုနှစ် သြဂုတ်လနှင့် နိုဝင်ဘာလများအကြား ရခိုင်ပြည်နယ် အကျပ်အတည်းအတွက် အမေရိကန်ပြည်ထောင်စု အစိုးရသည် လူသားချင်းစာနာမှုအထောက်အပံ့ ၈၇ သန်းကျော်ပေးခဲ့၍ ထိုထောက်ပံ့မှုတွင် ဘင်္ဂလာဒေ့ရှ်နိုင်ငံအား များစွာသော ရိုဟင်ဂျာဒုက္ခသည်များကို လက်ခံထားသည့်အတွက် ပံ့ပိုးမှုလည်းပါဝင်ပါသည်။ ၎င်းရန်ပုံငွေများသည် အမေရိကန်ပြည်ထောင်စုအစိုးရမှ မြန်မာပြည်တွင်းပြည်ပရှိ အိုးအိမ်ဆုံးရှုံးသူများကို ပေးသည့် အထွေထွေ လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်မှုစနစ်၊ အရပ်ဖက်လူမှုအသိုင်း အဝိုင်းနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်အခြားအရာများအတွက်ရန်ပုံငွေ၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အမေရိကန်ပြည်ထောင်စုသံရုံးသည် ရခိုင်ပြည်နယ်အကျပ်အတည်းအပေါ် လူသိရှင်ကြားတုံ့ပြန်မှုအပြင် ကချင်နှစ်ခြင်းခေါင်းဆောင်နှစ်ဦးအပေါ် ၂၀၁၇ ခုနှစ် အောက်တိုဘာလက ချမှတ်သည့်စီရင်ချက်အပေါ် စိုးရိမ်ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုသည် ထိန်းသိမ်းခံနေရသည့် သတင်းစာဆရာများကို လွှတ်ပေးရေး ထောက်ခံပြောဆိုမှု အပါအဝင် ထိုနှစ်အတွင်း မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးပြဿနာအမျိုးမျိုးအကြောင်းကိုလည်း လူသိရှင်ကြား ဝေဖန်ပြောဆိုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုအစိုးရသည် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏အဆင့်ကို ပိုမိုတိုးမြှင့်ပေးရန်ဆုံးဖြတ်ခဲ့ပြီး ကုလသမဂ္ဂမှ မြန်မာ့တပ်မတော်နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကလေးစစ်သားများကို အသုံးပြုနေ၍စုဆောင်းနေသည်ဟု အမည်တပ်နေဆဲအချိန်တွင် အမေရိကန်ပြည်ထောင်စု အစိုးရသည် မြန်မာနိုင်ငံကို ကလေးစစ်သားများကို အသုံးပြုသည့်နိုင်ငံများစာရင်းမှ ဖယ်ရှားရန် ဆုံးဖြတ်ခဲ့သည့်အတွက် လူ့အခွင့်အရေး ထောက်ခံပြောဆိုသူ အများအပြား အံ့သြခဲ့ကြပါသည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အထူးစိုးရိမ်ဖွယ် ကောင်းသည့် နိုင်ငံအဖြစ် နောက်ဆုံးပြန်လည်သတ်မှတ်ခဲ့ပါသည်။ အထူးစိုးရိမ်ဖွယ်ကောင်းသည့်နိုင်ငံအတွက် တိကျသည့်ပိတ်ပင်မှုများ သတ်မှတ်ရမည့်အစား နိုင်ငံရေးဝန်ကြီးဌာနသည် ယခုကိစ္စတွင် 22 CFR 126.1 ၌ ရည်ညွှန်းထားသည့် လက်နက်ရောင်းချမှု ပိတ်ဆို့ရေး ကန့်သတ်ချက်ကို သက်တမ်းတိုးမြှင့်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် တာဝန်နှစ်ရပ် ထမ်းဆောင်သည့် ပိတ်ပင်မှုများကို ထပ်မံကျင့်သုံးလိုက်ပါသည်။